ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

စာအမှတ်၊ မဗဘ/နပတ/ FIS/(၁၀၅ /၂၀၂၂)

ရက်စွဲ ၊ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၆ ရက်

အကြောင်းအရာ။ **ငွေသားစီမံခန့်ခွဲမှုကောင်းမွန်စေရန်နှင့် Digital Payment များဖြင့် ဆောင်ရွက်ရန်ကိစ္စ**

ရည်ညွှန်းချက်။ (၁) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၁၁-၉-၂၀၁၇ ရက်စွဲပါ ညွှန်ကြားချက် ၆/၂၀၁၇

(၂) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၁-၃-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ မဗဘ/နပတ/FIS/(၂၈/၂၀၂၂)

၁။ ဘဏ်များ၏ ငွေသားစီမံခန့်ခွဲမှုချောမွေ့အဆင်ပြေစေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရည်ညွှန်း(၂) ပါစာဖြင့် အကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။ ဘဏ်များအနေဖြင့်လက်ရှိအခြေအနေအရ ငွေကြေးလွယ်ကူမှု နှင့် Assets and Liabilities Management ကို ထိန်းကျောင်းရာတွင် ပိုမိုအားကောင်းရန် လိုအပ်ကြောင်းတွေ့ရှိရပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရည်ညွှန်း(၁) ပါစာဖြင့် ငွေစုဘဏ်စာရင်းနှင့် အချိန်ပိုင်းအပ်ငွေစာရင်းအသွင်ဖြင့် ဆောင်ရွက်ရန်၊ ရက်သတ္တပတ်တစ်ပတ်လျှင် တစ်ကြိမ်သာ ငွေထုတ်ကန့်သတ်ချက် ကန့်သတ်ခဲ့သော်လည်း ဘဏ်များအနေဖြင့် ငွေစုဘဏ်အပ်ငွေများ၊ အချိန်ပိုင်းအပ်ငွေများနှင့်ပတ်သက်၍ မိမိတို့၏ Customers များအား ဝန်ဆောင်မှု ပေးရာတွင် အဆိုပါအပ်ငွေများသည် ချက်ချင်းပေးရမည့် စာရင်းရှင်အပ်ငွေသဖွယ်ဖြစ်နေပြီးငွေစုဘဏ်/အချိန်ပိုင်းအပ်ငွေစာရင်းများ၏ ရည်ရွယ်ချက်ကို အကောင်အထည်မဖော်နိုင်သည့် အပြင် မိမိတို့ဘဏ်၏ ငွေကြေးလွယ်ကူမှုနှင့် Assets and Liabilities Management ထိန်းကျောင်းမှု အားနည်းကြောင်း တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ပါ၍ဘဏ်များ၏ငွေကြေးလွယ်ကူမှုနှင့် ငွေသားစီမံခန့်ခွဲမှုကို ပိုမိုထိန်းကျောင်းရန်လိုအပ်လာပါသဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရည်ညွှန်းပါ ညွှန်ကြားချက်၊ အကြောင်းကြားစာများနှင့်အညီ အောက်ပါအချက်များအား လိုက်နာဆောင်ရွက်သွားရန် အကြောင်းကြားပါသည်-

(က) ငွေစုဘဏ်အပ်ငွေ (Saving Deposits) များကို ပြန်လည်တောင်းခံလျှင် ချက်ချင်းပေးရမည့် စာရင်းရှင်အပ်ငွေ(Current Deposits)ကဲ့သို့ ဆောင်ရွက်ခြင်း မပြုဘဲ ငွေစုဘဏ်၏ စည်းကမ်းချက်အတိုင်း ၎င်းစာရင်းမှ ငွေထုတ်ပေးခြင်း၊ စာရင်းလွှဲပြောင်းပေးခြင်းများကို ငွေစုဘဏ်စာရင်းတစ်ခုအတွက် မိမိတို့၏သုံးစွဲခွင့်ပြုနိုင်သည့် ပမာဏတစ်ခုကန့်သတ်ပြီး (current account သို့ လွှဲပြောင်းခြင်း (သို့မဟုတ်) လက်ရှိစာရင်းမှနေ၍) ရက်သတ္တပတ်တစ်ပတ်လျှင် တစ်ကြိမ် သုံးစွဲနိုင်သည့် ပမာဏတစ်ခုအတွင်းသာ (Card များဖြင့်ချိတ်ဆက်ပေးချေခြင်း/ အခြား Pay များ၊Wallet များဖြင့် ချိတ်ဆက်ခြင်းအပါအဝင်) ဆောင်ရွက်ပေးရန်၊

(ခ) အချိန်ပိုင်းအပ်ငွေ (Time Deposits) များအား သက်တမ်းစေ့ရောက်မှသာ ငွေထုတ်ပေးခြင်း၊ စာရင်းလွှဲပြောင်းခြင်းများကို ရည်ညွှန်း(၂) ပါစာဖြင့် ညွှန်ကြားထားသည်နှင့်အညီ ဆောင်ရွက်ပေးရန်ဖြစ်ပြီး အချိန်ပိုင်းအပ်ငွေ (Time Deposits) များအတွက် အတိုးပေးခြင်းကို မိမိဘဏ်အစီအစဉ်ဖြင့် ဘဏ်၏ ဝင်ငွေရရှိမှုအပေါ် မူတည်၍ ငွေအပ်နှံသူများ အဆင်ပြေစေရန် လစဉ် (သို့မဟုတ်) ၃ လ တစ်ကြိမ် ထုတ်ပေးနိုင်ရေး စိစစ်ချမှတ်ဆောင်ရွက်ရန်၊

(ဂ) အစိုးရဌာနများမှ လုပ်ငန်းများအတွက် တင်ဒါအောင်မြင်သည့် လုပ်ငန်းရှင်များသို့ ငွေပေးချေရာတွင် လုပ်ငန်းရှင်၏ ငွေစာရင်းသို့ စာရင်းလွှဲပြောင်းခြင်း/ Cross Cheque/ PO ဖြင့်သာ ပေးချေဆောင်ရွက်ပေးရန်၊

(ဃ) ကုမ္ပဏီများ / အဖွဲ့အစည်းများ/ တစ်ဦးချင်း၏ ငွေစာရင်းမှ ငွေသားထုတ်ပေးရာတွင် မဖြစ်မနေငွေသားလိုအပ်ချက်မှအပ (ဥပမာ - လုပ်ခလစာ/ထောက်ပံ့ကြေး၊ လျော်ကြေးများ၊ ပင်စင်) မိမိတို့ Customers များ၏ ငွေပေးချေလိုမှုအပေါ် မူတည်၍ စိစစ်မေးမြန်းပြီး စာရင်းပြောင်းပေးချေမှုကို ဦးစားပေးဆောင်ရွက်ရန် ဘဏ်ခွဲအသီးသီးမှတာဝန်ခံများအနေဖြင့် (ဥပမာ- Suppliers များသို့ ငွေပေးချေရာတွင်လည်းကောင်း၊ ကုန်ပစ္စည်းရောင်းသူစာရင်းသို့ ငွေပေးချေရာတွင်လည်းကောင်း) Account Transfer ၊ Digital Payment များဖြင့် ဆောင်ရွက်နိုင်ရေးကို ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(င) ငွေပေးချေရာတွင် A/C Transfer ၊ Digital Payment များဖြင့် ပိုမိုပေးချေရေးကို ဘဏ်များမှ Target ထားဆောင်ရွက်ရန်နှင့် ဘဏ်နှင့်ဆက်သွယ်သူ Merchants များ၏ Digital Sales (Pay/ Wallet/ cards/ Account Transfer) များပေါ်တွင် တစ်လအတွင်း ရောင်းချမှုပမာဏ၏ (အများဆုံး) ၅၀ ရာခိုင်နှုန်းအထိသာ ငွေသားထုတ်ယူခွင့်ကို (၁) လလျှင် (၂) ကြိမ် (သို့မဟုတ်) (၃) ကြိမ်ခန့်ထိ စိစစ်ခွင့်ပြုရန်။

(ပုံ) xxxxxxxxxxxx
ဥက္ကဋ္ဌ(ကိုယ်စား)
(သန်းသန်းဆွေ ၊ ဒုတိယဥက္ကဋ္ဌ)

ဖြန့်ဝေခြင်း
ဘဏ်များအားလုံး
မိတ္တူကို

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန - အစိုးရဌာနများသို့ လိုအပ်သလို လမ်းညွှန်မှုပြုနိုင်ပါရန် ပေးပို့အပ်ပါသည်။

ဥက္ကဋ္ဌရုံး ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ဒုတိယညွှန်ကြားရေးမှူးချုပ်များ ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်